# သာမန်ကာလ အဌမတနင်္ဂနွေနေ့

ရှင်လုကာ ၆း၃၉-၄၅

လူတစ်ယောက် စိတ်ကောင်းနှလုံးကောင်း ရှိ/မရှိ သိချင်ရင် သူနဲ့ စကားပြောကြည့်ပါ၊ ပေါင်းကြည့်ပါ၊ ဒါဆို သိလာပါလိမ့်မယ်။ ဘာလို့လဲဆိုတော့ သူ့စိတ်နှလုံးထဲမှာ မကောင်းစိတ်ပဲ ရှိနေရင် သူ့ရဲ့ အပြုအမူ အပြောအဆိုတွေက မုန်းတီး ကြမ်းတမ်း ရိုင်းစိုင်းတာတွေ မြင်ရကြားရပါလိမ့်မယ်။ ခဏတော့ သူက သူတော်ကောင်းယောင်ဆောင် နိုင်ရင် ဆောင်နိုင်ပေမဲ့ ကြာလာရင် ဇာတိပြမှာပါပဲ။

ကျနော်တို့ လူကောင်းဖြစ်ချင်ရင် ကျနော်တို့ရဲ့ စိတ်ထားရင်းကို ပြင်ကြရမှာပါ၊ အပြင်ဘန်း မြင်ရတဲ့ အပြုအမူ အပြောအဆိုကို ပြင်ကြရမှာ မဟုတ်ပါဘူး။ အတွင်းစိတ်ထားကောင်းရင် အပြင်အပြုအမူ အပြောအဆိုလည်း အလိုလိုကောင်းလာမှာအမှန်ပါပဲ။ ယနေ့ ကျမ်းစာမှာ ယေဇူးဘုရားရှင် မိန့်တော်မူတာက "ကောင်းသောအပင်သည် မကောင်းသောအသီးကို မသီးနိုင်။ မကောင်းသောအပင်သည်လည်း ကောင်းသောအသီးကို မသီးနိုင်။ အကြောင်းမူကား အသီးကို ကြည့်၍ အပင်ကို သိရ၏။" တဲ့။

ဒါဆိုရင် အတွင်းစိတ်ထားကောင်းဖို့က ပိုပြီး အဓိကကျတာပေါ့။ အဲ့ဒီလို အပြင်အပြောအဆိုလေး အပေါ်ယံ ယဉ်ကျေးသိမ်မွေ့ဖို့ထက် အတွင်းစိတ်ထားကိုက ကောင်းနေမှ အပြင်အပြောအဆိုတွေပါ လိုက်ကောင်းလာမှာပါ။ အဲ့လို မဟုတ်ပဲ အပြင်ဘန်း အပြောအဆိုလေးပဲ ယဉ်ကျေးသိမ်မွေ့နေပြီး အတွင်းစိတ်က တကယ့်စိတ်ကောင်းနှလုံးကောင်း မရှိရင်တော့ သူက သူတော်ကောင်းယောင်ဆောင်တဲ့ ဟစ်ပိုခရိတ် ဖြစ်နေမှာပါပဲ။ အတွင်းစိတ်ထားကောင်းဖို့ ဘယ်သူ့ရဲ့လမ်းပြမှု ခေါင်းဆောင်မှု နောက်ကို လိုက်ရမလဲ။ ရှင်ယောဟန် ၈း၁၂ မှာ "ငါသည် လောကရဲ့အလင်းဖြစ်၏" လို့ မိန့်တော်မူတဲ့ ယေဇူးဘုရားရှင် နောက်ကို

လိုက်ရပါမယ်။ “ငါ့နောက်သို့လိုက်သောသူသည် မှောင်မိုက်တွင် သွားလာရလိမ့်မည်မဟုတ်။ သူသည် အသက်နှင့်ဆိုင်သောအလင်းကို ရလိမ့်မည်” လို့ အာမခံထားပါတယ်။

အဲဒီလို ခေါင်းဆောင်ကောင်းရဲ့နောက်ကို မလိုက်ရင် ယနေ့ ယေရှုဘုရားရှင်က သတိပေးထားသလို “မျက်မမြင်တစ်ဦးသည် အခြားမျက်မမြင်တစ်ဦးကို လမ်းပြနိုင်သလော။ ဤသို့ပြုလျှင် ထိုသူနှစ်ဦးစလုံး တွင်းထဲသို့ ကျကြလိမ့်မည်”။ မကောင်းတဲ့သူနောက်ကို လိုက်မိရင် အကုန် လမ်းမှားရောက်ကြလိမ့်မယ်။

ကျနော်တို့က ယေရှုဘုရားရှင်ဆိုတဲ့ ဆရာကောင်းရဲ့နောက်တော်ကို လိုက်မှသာ “တပည့်သည် ဆရာထက် မကြီးမြတ်နိုင်ပေမဲ့ ” ဆရာကဲ့သို့ ဖြစ်လာဖို့/ ယေရှုဘုရားရှင်ကဲ့သို့ ဖြစ်လာဖို့ ဘုရားက အလိုရှိပါတယ်။ ဒါမှသာ ကျနော်တို့လည်း ယေရှုဘုရားရှင်လို သူတစ်ပါးကို လမ်းကောင်း ပြနိုင်မယ်၊ အမှားပြင်ပေးနိုင်ပါလိမ့်မယ်။

သူတစ်ပါးကို အမှားပြင်ပေးနိုင်ဖို့/ လမ်းကောင်းပြနိုင်ဖို့ဆိုရင် ကိုယ်ကိုယ်တိုင်က ဒီအမှားကြီးကို လက်ခံထားသူ မဖြစ်စေဖို့ အရေးကြီးပါတယ်။ ဒီလိုဆိုရင် သူတစ်ပါးအမှားကို ပြုပြင်ပေးဖို့ မထိရောက်နိုင်ပါဘူး။ ကိုယ်ကိုယ်တိုင်က ဒီအပြစ်အမှားကို မလိုလားတဲ့သူ ဖြစ်မှ သူတစ်ပါးအမှားကို ပြုပြင်ပေးနိုင်မှာပါ။ ယနေ့ကျမ်းစာထဲကလို ယေရှုဘုရားရှင် မိန့်တော်မူတာက “အဘယ့်ကြောင့် သင်သည် မိမိ၏မျက်စိထဲ၌ရှိသောသစ်တုံးကို မမြင်ပဲ သင့်ညီအစ်ကို၏မျက်စိထဲရှိ သစ်သားစကို မြင်ရသနည်း။ မိမိ၏မျက်စိထဲတွင် ရှိနေသည့် သစ်တုံးကို မမြင်ပါပဲလျက် မိမိ၏ညီအစ်ကိုအား သင်၏မျက်စိထဲမှသစ်သားစကို ထုတ်ပေးပါရစေဟု သင်မည်သို့ ဆိုနိုင်မည်နည်း။ အသင်သူတော်ကောင်းယောင်ဆောင်သောသူ၊ သင်၏မျက်စိထဲမှ သစ်တုံးကို ဦးစွာထုတ်ပစ်လော။ သို့မှသာ သင်သည် သင့်ညီအစ်ကို၏

မျက်စိထဲမှသစ်သားစကို ထုတ်ပစ်ရန် ကောင်းစွာမြင်နိုင်ပေလိမ့်မည်။"

ဒီလိုဆိုလို့ ကိုယ်က အပြစ်ကင်းမှဘဲ သူတစ်ပါးကို အမှားပြင်ပေးတော့မယ်ကွာ လို့ မယူဆသင့်ပါဘူး။ သူတစ်ပါးကလည်း "ဟေ့ကောင် မင်းအမှားကိုသာ မင်း ပြုပြင်စမ်းပါအုံး၊ ငါ့ကို လာပြုပြင်ပေးမနေနဲ့" လို့လည်း မပြောသင့်ပါဘူး။ fraternal correction ဆိုတဲ့ ညီအစ်ကိုချင်း ချစ်ခင်လို့ ပြုပြင်ပေးတာမို့လို့ လက်ခံရပါမယ်။ ကိုယ်ကိုယ်တိုင်ကလည်း အပြစ်မကင်းပေမဲ့ သူတစ်ပါးကို အမှားပြင်ပေးတာကို သူတော်ကောင်းယောင်ဆောင်ရာ မရောက်ပါဘူး။ သူတော်ကောင်းယောင်ဆောင်တဲ့ ဟာစ်ပိုခရိတ်ဆိုတာက သူတစ်ပါးရှေ့မှာ လူအထင်ကြီးအောင်၊ ဘုရားတရားရှိဟန် ဆောင်နေပြီး ကိုယ့်အမှားကို ဖုံးကွယ်ထားတတ်သူ၊ ကိုယ့်အမှားကို ကိုယ်က လိုလိုလားလား မပြုပြင်ချင်တဲ့သူကိုသာ "ဟာစ်ပိုခရိတ်" လို့ ခေါ်ပါတယ်။ အခုဟာက ကိုယ့်ကိုယ်ကို အမှားမကင်းဘူးဆိုတာ ကိုယ်ဝန်ခံတယ်။ သူတစ်ပါးကိုလည်း ငါ့လိုအမှားမျိုး မကျရောက်အောင်လည်း စေတနာထားချင်သေးတယ်။ ဒါကြောင့် သူ့အမှားကို ကိုယ်က ပြုပြင်ဆုံးမပေးတဲ့သဘောပါ။ ဒါမျိုးလူကိုကျတော့ ဟာစ်ပိုခရိတ်လို့ ခေါ်လို့မရပါဘူး။

ဒါကြောင့် သူတစ်ပါးအပြစ်အမှားကို ထိရောက်စွာ ပြုပြင်ပေးနိုင်ဖို့အတွက် ပထမဦးစွာ သင်၏မျက်စိထဲမှ သစ်တုံးကို ဦးစွာထုတ်ပစ်လော လို့ ယေဇူးဘုရားရှင်က မိန့်တော်မူထားပါတယ်။ သူတစ်ပါးကို လမ်းကောင်းပြနိုင်ဖို့၊ ကောင်းတဲ့အပြုအမူ အပြောအဆိုတွေ ဖြစ်လာနိုင်ဖို့ဆိုတာ ယေဇူးဘုရားရှင်နဲ့ ပေါင်းစပ်မှသာ ဖြစ်လာနိုင်မှာပါ။ ရှင်ယောဟန် ၁၅ မှာ ယေဇူးဘုရားရှင်က "ငါသည် စစ်မှန်သောစပျစ်နွယ်ပင် ဖြစ်၍ ငါ၏ခမည်းတော်သည် စပျစ်ဥယျာဉ်မှူး ဖြစ်တော်မူ၏။ ကိုယ်တော်သည် ငါ၌အသီးမသီးသော အကိုင်းအခက်

ဟူသမျှတို့ကို ဖြတ်တောက်ပစ်၍ အသီးသီးသော အကိုင်းအခက် ဟူသမျှတို့ကိုမူကား ပို၍သီးစေရန် ရှင်းလင်းပြုပြင်ပေးတော်မူလိမ့်မည်” တဲ့။ ဆက်လက်ပြီး မိန့်တော်မူတာက “အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း ထိုသူ၌တည်နေလျှင် သူသည် အသီးများစွာ သီးလိမ့်မည်။ အကြောင်းမူကား သင်တို့သည် ငါနှင့် ကင်းကွာလျှင် မည်သည့်အရာကိုမျှ မတတ်နိုင်ကြ။” ကျနော်တို့ဟာ ကောင်းတဲ့အပြုအမူ ကောင်းတဲ့စိတ်ထား ရှိနိုင်ဖို့က ယေဇူးဘုရား၌ တည်နေကြရမည် တဲ့။ ကိုယ့်ကိုယ်ကို ငြင်းပယ်စရာလိုတယ်၊ ကျမ်းစာဖတ် စဉ်းစားဆင်ခြင်စရာ လိုတယ်။ ဆုတောင်းစရာ လိုပါတယ်။ ဒါမှသာ ကောင်းတဲ့အသီးဆိုတဲ့ ကောင်းတဲ့အပြုအမူ အပြောအဆိုတွေကြောင့် ကျနော်တို့ဟာ သူတစ်ပါးကို လမ်းကောင်းပြတဲ့သူတွေ ဖြစ်လာမှာပါ။ ဒီလိုနည်းနဲ့ ယေဇူးဘုရားရှင်ရဲ့တပည့်များဖြစ်ကြောင်း လောကအလည်မှာ သက်သေခံနိုင်ကြပါလိမ့်မယ်။ ဒါကြောင့် ယေဇူးဘုရားရှင် ဆက်လက် မိန့်တော်မူတာက “ သင်တို့သည် များစွာသောအသီးကို သီး၍ငါ၏တပည့်များဖြစ်ကြောင်း သက်သေပြခြင်းအားဖြင့် ငါ့ခမည်းတော်၏ဘုန်းဂုဏ်တော်သည် ထင်ရှားလေ၏။” (ရှင်ယောဟန် ၁၅း၈)

နားဆင်သူအားလုံးအပေါ် ဘုရားသခင် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။